# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆)
# ‘မီဒီယာကို ကန့်သတ်ဖိနှိပ်တိုင်း မှန်းချက် ပေါက်အောင်မြင်တာမဟုတ်ဘူး’ဆိုသည့် အယူအဆ

## ဆိုလိုရင်းအနှစ်ချုပ်

စစ်အာဏာသိမ်းချိန်မှာ မီဒီယာလွတ်လပ်ခွင့်ကို ကန့်သတ်တာတွေ၊ ထိန်းချုပ်တာတွေ လုပ်ကြတဲ့အခါ နိုင်ငံတခုနဲ့တခု၊ အာဏာရှင်တဦးနဲ့တဦး လုပ်ဆောင်ကြပုံချင်း မတူကြပါဘူး။ အခြားတဖက်မှာလည်း မီဒီယာတွေအပေါ် အာဏာရှင်တွေရဲ့ ကန့်သတ်မှု လုပ်ငန်းစဉ်တွေဟာ အမြဲတစေ အောင်မြင်မှုရလိမ့်မယ်လို့ မပြောနိုင်တဲ့ အကြောင်းအရာတွေရှိပါတယ်။ ဒါကြောင့် သုတေသီ Adam Bourgault က သတင်းမီဒီယာတွေအပေါ် အာဏာရှင်တွေက ကန့်သတ်ချုပ်ခြယ်မှုတွေ လုပ်တဲ့အခါ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို လွှမ်းမိုးနေတဲ့ အချက်လေးချက် ရှိတယ်လို့ ထောက်ပြထားပါတယ်။

အဲဒီအချက်တွေက

(၁) အာဏာသိမ်းအစိုးရရဲ့ အာဏာဗဟိုချက်ကို ချုပ်ကိုင်ထားနိုင်မှုစွမ်းရည်နဲ့ အဲဒီအာဏာကို ဖြန့်ကျက်ဖို့အတွက် ဖိနှိပ်ရေးယန္တရား ပြည့်စုံလုံလောက်မှု၊

(၂) လူ့အဖွဲ့အစည်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အယူအဆနဲ့ပတ်သက်ပြီး ထားရှိခံယူတဲ့ ယဉ်ကျေးမှုနဲ့ ထုံးတမ်းဆိုင်ရာ စံနှုန်းတွေ၊

(၃) သတင်းအချက်အလက်နဲ့ နည်းပညာတွေအပေါ် နိုင်ငံသားတွေရဲ့ လက်လှမ်းမှီမှုနဲ့

(၄) အာဏာသိမ်းခံရတဲ့ နိုင်ငံမှာရှိတဲ့ သတင်းထောက်တွေ၊ မီဒီယာတွေရဲ့ ပရော်ဖက်ရှင်နယ်ပီသမှု စတဲ့ အချက်လေးချက်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှု စတင်တဲ့နေ့ကစပြီး ပြည်သူတွေရဲ့ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နဲ့ လွတ်လပ်တဲ့ ပုဂ္ဂလိက သတင်းမီဒီယာတွေရဲ့ ရပ်တည်မှုဟာ ဥပဒေကြောင်းအရကို ဖိနှိပ်ခြိမ်းခြောက်ခံရမှုတွေ ရင်ဆိုင်ခဲ့ရပါ တယ်။ စစ်အာဏာသိမ်းမှုကို တရားဝင်မှု (Legitimacy) ဖြစ်စေအောင် ဖိနှိပ်မှုတွေကို အာဏာသိမ်း စစ်ကောင်စီက ဆက်တိုက်ဆိုသလို ပြုလုပ်လာခဲ့တာ ဖြစ်ပါတယ်။ အာဏာသိမ်းတဲ့နေ့ကနေစပြီး ပုဂ္ဂလိက သတင်းရုပ်သံလိုင်းနှစ်ခုရဲ့ ထုတ်လွှင့်မှုတွေကို ဖြတ်တောက်ပစ်တာ၊ နောက်ပိုင်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်မှုတွေကို သတင်းယူနေကြတဲ့ သတင်းသမားတွေနဲ့ တရားမဲ့ ပြုကျင့်နေမှုတွေကို ဖော်ထုတ်နေတဲ့ သတင်းသမားတွေကို ဖမ်းဆီးတာအပြင်၊ နောက်ဆုံး ပုဂ္ဂလိက ရုပ်သံလိုင်းနှစ်ခု၊ သတင်းဌာနတခုနဲ့ ဒစ်ဂျစ်တယ်သတင်းဌာနနှစ်ခုကို လုပ်ငန်း ပိတ်ပင်တာတွေ လုပ်လာခဲ့ပါတယ်။ တချိန်တည်းမှာပဲ ပြည်သူလူထုရဲ့ အင်တာနက် အသုံးပြုပိုင်ခွင့်ကိုလည်း အချိန်ပိုင်းဖြတ်တောက်ပြီး ကန့်သတ်ထိန်းချုပ်တာတွေ လုပ်ခဲ့ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆)

## ‘မီဒီယာကို ကန့်သတ်ဖိနှိပ်တိုင်း မှန်းချက် ပေါက်အောင်မြင်တာမဟုတ်ဘူး’ ဆိုသည့် အယူအဆ

### ဘာကြောင့် အလေးထားသင့်သလဲ

စစ်အာဏာရှင်တွေဟာ ပြည်သူလူထုရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်နဲ့ လွတ်လပ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို ကန့်သတ်ဖို့ဆောင်ရွက်ရာမှာ နိုင်ငံပိုင် ရုပ်သံဌာနတွေ၊ သတင်းစာတွေကို စစ်အာဏာသိမ်းအစိုးရရဲ့ ယန္တရားအဖြစ် ပထမဆုံး သိမ်းသွင်းပြီး ပြည်သူလူထုတွေရဲ့အသံကို ထင်ဟပ်စေနိုင်တဲ့ ပုဂ္ဂလိကသတင်းစာတွေ၊ ရုပ်သံဌာနတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို ဦးတည်ပြီး ဖိနှိပ်မှုတွေလုပ်ကြပါတယ်။ ဒီလိုလုပ်ရာမှာလည်း တရားဝင်မှု (Legitimacy) နဲ့ တရားဥပဒေအရ (Rule by Laws) ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ လုပ်နိုင်အောင် ဥပဒေအရ အထောက်အပံ့ဖြစ်စေတဲ့ ဖိနှိပ်ရေးယန္တရားတွေ၊ လုပ်ထုံးလုပ်နည်းတွေကို အာဏာရှင်တွေက တည်ဆောက်လေ့ ရှိကြပါတယ်။

ဥပဒေကြောင်းအရရော၊ လုပ်ပိုင်ခွင့် မူဘောင်အတွင်းကပါ ဖိနှိပ်ရေးယန္တရားတွေ တည်ဆောက်ပြီး လွတ်လပ်တဲ့ သတင်းမီဒီယာတွေကို ဖိနှိပ်ကန့်သတ်မှုတွေ အောင်မြင်နိုင်မှု ရှိ၊ မရှိ ဆိုတာကို ချိန်ဆနိုင်တဲ့ ပထမဦးဆုံးအချက်ကတော့ အာဏာသိမ်းစစ်တပ်ရဲ့ အာဏာဗဟိုချက်ကို ချုပ်ကိုင်ထားနိုင်မှုစွမ်းရည်ဖြစ်ပြီး အဲဒီအာဏာကို ဖြန့်ကျက်ဖို့အတွက် ယန္တရားပြည့်စုံလုံလောက်မှုရှိမှပဲ ရပါမယ်။ အာဏာသိမ်းသူရဲ့ အာဏာယန္တရား အသက်ဝင်ဖို့အတွက် လှုပ်ရှားနေရတဲ့ အုပ်ချုပ်ရေးယန္တရားအတွင်းက ဗျူရိုကရက်တစ်လုပ်ငန်းစဉ်တွေ ပုံမှန်လည်ပတ်ပြီး အလုပ်မလုပ်နိုင်ရင် အာဏာသိမ်းသူတွေအနေနဲ့ မီဒီယာတွေအပေါ် ဖိနှိပ်မှုက အောင်မြင်ဖို့ ခက်ပါလိမ့်မယ်။

ဒုတိယအချက်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ထားရှိတဲ့ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုနဲ့ ထုံးတမ်းဆိုင်ရာစံနှုန်းတွေ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းဝင်တွေက သူတို့ရဲ့ ပြောဆိုမှု၊ ရေးသားမှုတွေကို ကိုယ်တိုင်ထိန်းချုပ် (Self-Censorship) ပြီး ခပ်မဆိတ်နေတာ၊ မဝံ့မရဲသာ တင်ပြနေတာမျိုးမဟုတ်ဘဲ အကြောက်တရားကင်းကင်းနဲ့ မတရားတာကို အန်တုရင်ဆိုင်ရဲတဲ့ ယဉ်ကျေးမှု ထုံးတမ်းဆိုင်ရာစံနှုန်းတွေ ရှိမယ်ဆိုရင် မီဒီယာတွေကို ကန့်သတ်ဖို့ ခက်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ လူတိုင်းက မီဒီယာဖြစ်သွားနိုင်လို့ပါပဲ။

၂

### သတင်းဌာနငါးခုကို ပိတ်ပင်

၂၀၂၁ ခုနှစ် မတ် ၈ ရက်တွင် သတင်းဌာနငါးခု၏ ထုတ်ဝေခြင်းလုပ်ငန်းများကို ပိတ်သိမ်းကြောင်း အာဏာသိမ်း စစ်ကောင်စီက အမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းဌာနငါးခုမှာ မဇ္ဈိမ၊ DVB၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့ဖြစ်သည်။ ယင်းတို့အနက် မဇ္ဈိမနှင့် DVB သတင်းဌာနတို့မှာ အာဏာသိမ်းသည့်နေ့မှာပင် အကြောင်းတစုံတရာမသိရဘဲ ရုပ်သံထုတ်လွှင့်မှု ဖြတ်တောက်ခံခဲ့ရသော သတင်းဌာန နှစ်ခု ဖြစ်သည်။ မတ် ၉ ရက်တွင်လည်း ကမာရွတ်မီဒီယာအား ဝင်ရောက်စီးနင်း ရှာဖွေခဲ့ပြီး တည်ထောင်သူနှင့် အယ်ဒီတာချုပ် နှစ်ဦးအား ဖမ်းဆီးခဲ့သည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆)

## ‘မီဒီယာကို ကန့်သတ်ဖိနှိပ်တိုင်း မှန်းချက် ပေါက်အောင်မြင်တာမဟုတ်ဘူး’ဆိုသည့် အယူအဆ

တတိယအချက်ကတော့ အခုလို ၂၁ ရာစုမှာ စစ်အာဏာသိမ်းတဲ့ နိုင်ငံတွေအတွက် အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ ပြည်သူတွေက သတင်းအချက်အလက်တွေကို လက်လှမ်းမီနေပြီး နည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု များနေခြင်းဟာ သတင်းမီဒီယာတွေအပေါ် ကန့်သတ်မှုလုပ်ဖို့ အာဏာသိမ်းသူအတွက် ပိုခက်စေမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဏာသိမ်းသူတွေဟာ အင်တာနက်အသုံးပြုမှုနဲ့ လူမှုကွန်ရက်အပါအဝင် လူ့အဖွဲ့အစည်းအကြား ဆက်သွယ်နိုင်တဲ့ တခြားသောအရာတွေကို နည်းလမ်းအမျိုးမျိုးနဲ့ ထိန်းချုပ်ကြတာဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ အာဏာသိမ်းခံရတဲ့နိုင်ငံထဲမှာ ပရော်ဖက်ရှင်နယ် သတင်းစာဆရာတွေ၊ မီဒီယာတွေ အားကောင်းရင် အာဏာသိမ်းသူတွေရဲ့လုပ်ရပ်တွေ အောင်မြင်နိုင်ဖို့ ခက်ခဲမှာပါ။ ဒီအတွက်ကြောင့် အာဏာရှင်တွေဟာ ပရော်ဖက်ရှင်နယ်ပီသတဲ့ သတင်းစာဆရာတွေ၊မီဒီယာတွေကိုဦးတည်ပြီးဖမ်းဆီးတာ၊ထောင်ချတာ၊ရပ်တည်ပိုင်ခွင့်ဆုံးရှုံးအောင် ပြုလုပ်ကြတာ စတဲ့ အကြမ်းဖက်မှုနည်းလမ်းတွေနဲ့ ကိုင်တွယ်ဖို့ ကြိုးစားလေ့ရှိပါတယ်။

### မြန်မာနိုင်ငံနဲ့ဆီလျော်သလား

လွတ်လပ်တဲ့ ပုဂ္ဂလိက သတင်းမီဒီယာတွေနဲ့ သတင်းစာဆရာတွေအပေါ် အာဏာရှင်တွေရဲ့ ဖိနှိပ်ချုပ်ချယ်မှုကို ၁၉၆၂ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ရင်ဆိုင်ခဲ့ရပြီး အခုချိန်မှာလည်း ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် ဖော်ပြပါ အချက်လေးခုဟာ မြန်မာနိုင်ငံနဲ့ ဆီလျော်မှုရှိပါတယ်။ ဒါပေမဲ့ ဖော်ပြထားတဲ့ အချက်လေးချက်ကပဲ တရားသေသဘောနဲ့ လွှမ်းမိုးနေတယ် ဆိုတာမျိုးတော့ လေ့နံ့ခားထစ် ပြောဖို့ခက်ပါတယ်။

အာဏာသိမ်းယူခဲ့တဲ့ စစ်ကောင်စီဟာ ဖေဖော်ဝါရီ ၁ ရက် မနက်ပိုင်းမှာပဲ နိုင်ငံပိုင်သတင်းဌာနကို ထိန်းချုပ်ခဲ့ပြီး သတင်းဦးစားပေးဖော်ပြနေတဲ့ အခြားပုဂ္ဂလိက ရုပ်သံလိုင်းနှစ်ခုရဲ့ ထုတ်လွှင့်မှုတွေကို အကြောင်းတစုံတရာမပြောဘဲ ဖြတ်တောက်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ လူမှုကွန်ရက်မီဒီယာဖြစ်တဲ့ Facebook ကို ပိတ်ပင်တာ၊ အင်တာနက် အသုံးပြုခွင့်ကို အချိန်ပိုင်းဖြတ်တောက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ အာဏာသိမ်းပြီး ရက်ပေါင်း ၃၇ ရက် အကြာမှာ




**သတင်းသမား ၃၆ ဦး ဖမ်းဆီးခံရ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုနောက်ပိုင်း မတ် ၉ ရက်အထိ ဖမ်းဆီးခံခဲ့ရသော သတင်းသမား ၃၆ဦးအထိ ရှိခဲ့သည်။ အဆိုပါသတင်းသမားများမှာ ပုဂ္ဂလိကသတင်းဌာန ၂၆ ခုတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြပြီး အလွတ်တန်းသတင်းထောက်လေးဦးလည်း ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးခံခဲ့ရသူများထဲတွင် အမျိုးသမီးသတင်းထောက် ငါးဦး ပါဝင်ခဲ့ပါသည်။ ၃၆ ဦးအနက် ၂၂ ဦးမှာ ပြန်လွတ်ခဲ့ပြီး လေးဦးမှာ လက်ရှိ ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ကျန်ရှိသော ၁၀ ဦးမှာ အမှုဖွင့် ခံထားရသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆)

‘မီဒီယာကို ကန့်သတ်ဖိနှိပ်တိုင်း မှန်းချက် ပေါက်အောင်မြင်တာမဟုတ်ဘူး’ဆိုသည့် အယူအဆ

အာဏာသိမ်းခဲ့စဉ်က အကြောင်းတစုံတရာမပေးဘဲ ဖြတ်တောက်ခဲ့တဲ့ ပုဂ္ဂလိက ရုပ်သံလိုင်းနှစ်ခုအပြင် ပုဂ္ဂလိက သတင်းဌာနတခုနဲ့ ဒစ်ဂျစ်တယ် သတင်းဌာနနှစ်ခုကို လုပ်ငန်းပိတ်ပင်ကြောင်း ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုဖိနှိပ်မှုတွေကို အင်အားရှိတိုင်း လုပ်ခဲ့ပေမဲ့ သူတို့လိုချင်တဲ့ရလဒ် မထွက်ဘူးဆိုတာ မြင်နိုင်ပါတယ်။ Facebook လူမှုကွန်ရက် အသုံးပြုခွင့်ကို ပိတ်ပင်လိုက်ပေမဲ့ ပြည်သူအများစုဟာ ခေတ်သစ်နည်းပညာကို အသုံးပြုပြီး ချိတ်ဆက်ကြတာကြောင့် အဲဒီပိတ်ပင်မှုက မအောင်မြင်ခဲ့ပါဘူး။ ဒါ့အပြင် လွတ်လပ်တဲ့ ပုဂ္ဂလိက သတင်းမီဒီယာတွေတင်မကဘဲ ပြည်သူတဦးချင်းစီကပါ သူတို့ ရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ ကိစ္စရပ်တွေကို ဆိုရှယ်မီဒီယာမှာ နည်းလမ်းပေါင်းစုံသုံးပြီး အချိန်နဲ့တပြေးညီ ဖော်ပြခဲ့တာကြောင့် အာဏာသိမ်းစစ်ကောင်စီရဲ့ ဝါဒဖြန့် သတင်းအမှောင်ချမှုတွေဟာ ယခင် စစ်အစိုးရခေတ်တွေကလို ထိရောက်ခဲ့ခြင်း မရှိတော့ပါဘူး။ တချိန်တည်းမှာလည်း လူတဦးချင်းစီရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို ထိန်းချုပ်ဖို့ ပြစ်ဒဏ်ကြီးမားတဲ့ ဥပဒေပုဒ်မတွေနဲ့ ခြိမ်းခြောက်တာ၊ ဖမ်းဆီးတာတွေ လုပ်ခဲ့ပေမဲ့ သတင်းစီးဆင်းမှုတွေက ပြတ်တောက်သွားခြင်း မရှိသလို သတင်းအချက်အလက် ဖြန့်ဝေတာ၊ အချင်းချင်း ဆက်သွယ် ပြောဆိုကြတာတွေကို အပြည့်အဝ ထိန်းချုပ်နိုင်မှုမရှိခဲ့ပါဘူး။ ဒါဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း တစိတ်တပိုင်း လွတ်လပ်ခွင့်ရခဲ့ချိန်က နည်းပညာကို အသုံးပြုပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို လက်ခံကျင့်သုံးလာတဲ့ အလေ့အကျင့်ကြောင့် ရလာတဲ့ အကျိုးကျေးဇူးဖြစ်ပါတယ်။

၂၀ ရာစု စစ်အာဏာသိမ်းမှုတွေမှာ အာဏာရှင်တွေ သမားရိုးကျ အသုံးပြုနေကျ နည်းနာတွေဖြစ်တဲ့ ရုပ်သံဌာနတွေကို ပိတ်ပင်တာ၊ သတင်းဌာနနဲ့ သတင်းသမားတွေကို အင်အားသုံးဖမ်းဆီးတာတွေဟာ ၂၁ ရာစု မြန်မာ့နိုင်ငံရဲ့အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုအတွက် မှန်းချက် ပေါက်အောင်မြင်စေမှာ မဟုတ်ဘူးလို့ ယူဆရပါတယ်။ ဖိနှိပ်မှုတွေကြားထဲမှာပဲ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် စံနှုန်းတွေ၊ လူထုရဲ့ သတင်းအချက်အလက်နဲ့ နည်းပညာတွေအပေါ် လက်လှမ်းမီမှုနဲ့ ပရော်ဖက်ရှင်နယ်ပီသတဲ့ သတင်းထောက်တွေ၊ မီဒီယာတွေရဲ့ ကျွမ်းကျင်ပိုင်နိုင်မှုတွေကြောင့် သတင်းမီဒီယာဟာ ဆက်လက် ရှင်သန်နိုင်ပြီး လူထုလှုပ်ရှားမှုကို ဆက်လက် ကောင်းကျိုးပြုနိုင်ပါလိမ့်မယ်။

**၁၀**

**သတင်းသမား ၁၀ ဦး အမှုဖွင့်ခံရ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုနောက်ပိုင်း မတ် ၈ ရက်အထိ ဖမ်းဆီးခံခဲ့ရသော သတင်းသမားများအနက် ၁၀ ဦးမှာ ပုဒ်မ ၅၀၅(က)ဖြင့် အမှုဖွင့် ခံထားရသည်။ ၎င်းတို့အနက် ရှစ်ဦးမှာ အကျဉ်းချခံထားရလျက် အမှုရင်ဆိုင်နေရပါသည်။

**Further Readings**

Bourgault, A. 2015. Freedom of the press under authoritarian regimes. Susquehanna University Political Review, 6 (1), 3.